၂၀၁၆ ခုနှစ်၊ မတ် (၀၇)ရက်

သို့

ဝန်ကြီးချုပ်

ဗြိတိသျှတော်ဝင်အစိုးရအဖွဲ့

10 Downing Street, London, United Kingdom

**အကြောင်းအရာ။ ။ အသနားခံစာ ပေးပို့ခြင်း**

ရိုသေလေးစားအပ်ပါသော ဝန်ကြီးချုပ် -

ဝန်ကြီးချုပ်နှင့်တကွ ဗြိတိသျှတော်ဝင်မိသားစုနှင့် အစိုးရအဖွဲ့ဝင်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ မိမိတို့မှာ မြန်မာပြည်မှ လူထုအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသော လူထုအခြေခံ လူမှုအဖွဲ့အစည်းများဖြစ်ကြပြီး၊ ဂါရဝတရားရှေ့ထား၍ တင်ပြအပ်ပါသည်။

ယခုကဲ့သို့ စာရေးရခြင်း အကြောင်းအရင်းမှာ လွန်ခဲ့သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်နေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်း စူရတ္ထာနီခရိုင် ခေါ်တောင်ကျွန်း အပန်းဖြေစခန်း၌ ဗြိတိန်နိုင်ငံသားများဖြစ်ကြသော Mr. David Miller နှင့် Ms. Hannah Witheridge တို့မှာ အဓမ္မပြုကျင့် သတ်ဖြတ်ခြင်းခံခဲ့ရသည့်အမှုတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲချက်ဖြင့် ထိုင်းနိုင်ငံတွင် ဖမ်းဆီးအကျဉ်းချ ခံထားရသည့် မြန်မာနိုင်ငံသားများဖြစ်ကြသော အသက်(၂၂)နှစ်အရွယ်ရှိကြသည့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့ကိစ္စပင် ဖြစ်ပါသည်။ အဆိုပါလူငယ်နှစ်ဦးမှာ သမာအာဇီဝကျကျဖြင့် ထိုင်းနိုင်ငံတော်အတွင်း မိသားစုစားဝတ်နေရေးအတွက် သွားရောက် အလုပ်လုပ်ကိုင်နေသူများသာ ဖြစ်ကြပါသည်။ ၎င်းတို့၏ နောက်ကြောင်းရာဇဝင်များကို ကြည့်လိုက်လျှင်လည်း ရာဇဝတ်မှုများကင်းရှင်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သူများဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

အမှုဖြစ်ပွားပုံနှင့် မှုခင်းစုံစမ်းတွေ့ရှိချက်များအရ တရားခံအဖြစ် စွဲချက်တင်ခံရသည့် မိမိတို့ မြန်မာနိုင်ငံသားနှစ်ဦးမှာ အတင်းအဓမ္မ ညှင်းပန်းနှိပ်စက် ဝန်ခံခိုင်းခဲ့ကြောင်း ကာယကံရှင်များမှ ထွက်ဆိုနေခြင်း၊ မျိုးရိုးဗီဇ DNA စစ်ဆေးတွေ့ရှိချက်များမှာ တူညီမှုမရှိကြောင်း ကျွမ်းကျင်သူများမှ ထောက်ပြနေခြင်း၊ မျက်မြင်သက်သေ အထောက်အထားများ အခိုင်အလုံ မဖော်ပြနိုင်ခြင်း၊ ထိုင်းလူ့အခွင့်အရေး နှင့် ရှေ့နေများကောင်စီတို့ကလည်း ထိုင်းရဲအာဏာပိုင်များ၏စစ်ဆေးချက်နှင့် ကိုင်တွယ်ချက်များအပေါ် ယုံကြည်မှု မရှိခြင်းတို့ကြောင့် အမှုသွားအမှုလာ အနေအထားမှာ သံသယပွားဖွယ်ပင် ဖြစ်ပါသည်။ ဤသို့သော အခြေအနေအောက်တွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့၌ အဆိုပါ စွပ်စွဲခံ မြန်မာနိုင်ငံသားနှစ်ဦးကို ထိုင်းနိုင်ငံတောင်ပိုင်းရှိ ကော့စမွေခရိုင်တရားရုံးမှ အမှု(၇)ခုဖြင့် စွဲချက်တင်၍ သေဒဏ်အထိ အမြင့်ဆုံး ပြစ်ဒဏ်ချမှတ်သွားခဲ့ပါသည်။

Please turn over....

မိမိတို့အနေဖြင့် အဆိုပါသတင်းကို ကြားသိရရခြင်း လွန်စွာ စိတ်ထိခိုက် နာကြင်မှု ဖြစ်ကြရပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသ ဇာတိဖွားများဖြစ်ကြပါသည်။ မိမိတို့တိုင်းပြည်၏ လူမှုစီးပွား ဘဝအခြေအနေများအရ အသက်အရွယ်နှင့်မလိုက်ဖက်အောင် မိသားစု၏တာဝန်များကို ဝိုင်းဝန်းထမ်းရွက်နေကြရ သူများလည်း ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံသားနှစ်ဦးအပေါ် ကြောက်ခမန်းလိလိ မုဒိန်းလူသတ်ရာဇဝတ်မှုကြီးကို ကျူးလွန် ခဲ့သည်ဆိုခြင်းမှာ မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ယုံကြည်လက်ခံနိုင်ရန် အလွန်ခက်ခဲသည့် အနေအထားပင် ဖြစ်ပါသည်။ ယခုအခါတွင် အဆိုပါလူငယ်နှစ်ဦး၏ မိသားစုဝင်များမှာလည်း လွန်စွာ စိတ်ထိခိုက်နာကျင်မှုဝေဒနာကို ခံစားနေကြရပါသည်။ မောင်ဝင်းဇော်ထွန်း၏ဖခင်မှာမူ သားကြောင့်စိတ်ထိခိုက် ခံစားရသောဝေဒနာနှင့် ၎င်း၏ရှိရင်းစွဲစိတ်ဝေဒနာအခံတို့ ပေါင်းဆုံကျပြီး တရားရုံးမှ အမှုစီရင်ချက် မချမှတ်မီ လပိုင်းကာလတွင်ပင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ရပြီးလည်း ဖြစ်ပါသည်။

နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် တရားစီရင်ရေးတို့အရ လွတ်လပ်စွာ စီရင်ဆုံးဖြတ်မှုတို့အပေါ် မိမိတို့အနေဖြင့် လေးစားအသိအမှတ်ပြုပါသည်။ သို့ရာတွင် ပြစ်မှုကျူးလွန်သူများအနေဖြင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရသွားပြီး၊ အပြစ်မရှိသူများမှပြစ်ဒဏ်ချခံရခြင်း မဖြစ်စေဖို့ရန်မှာ လွန်စွာအရေးကြီးပါသည်။ ထို့ကြောင့် အမှန်တရားနှင့် တရားမျှတမှုတို့ ပေါ်ပေါက်လာစေရန် ထိုင်းတရားရုံးမှအမှုစီရင်ချက်အပေါ် ပြန်လည်သုံးသပ်စေရေးအပါအဝင် လူသားတို့၏ ရရှိခံစားထိုက်သော လွတ်ငြိမ်းချမ်းသာခွင့်တို့ ရရှိစေရေးတို့အတွက် ဝန်ကြီးချုပ်အနေဖြင့် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးပါရန် လေးနက်စွာဖြင့် အသနားခံ တင်ပြအပ်ပါသည်။

မိမိတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့ကို အမြန်ဆုံး လွတ်မြောက်စေလိုသော စိတ်ဆန္ဒများ ပြင်းပြလျှက်ရှိကြပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူလူထုထံမှ ကောက်ခံရရှိသည့်ကိုးသောင်းခုနစ်ထောင်သုံးဆယ့်ခုနစ်(၉၇,၀၃၇)သောဆန္ဒပြုလက်မှတ်မိတ္တူများကိုလည်း ယခုအသနားခံစာနှင့်အတူ ပူးတွဲတင်ပြ အပ်ပါသည်။

ချစ်ကြည်လေးစားစွာဖြင့် -

မောင်ဝင်းဇော်ထွန်း နှင့် မောင်ဇော်လင်းတို့ လွတ်မြောက်ရေးအတွက် လက်မှတ်ရေးထိုးလှုပ်ရှားမှုအဖွဲ့

- ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး - AASYC
- ရခိုင်အမျိုးသမီးသမဂ္ဂ - RWU
- ရခိုင်အမျိုးသမီးများကွန်ယက် - RWN
- ရခိုင်မျိုးဆက်သစ်အဖွဲ့ Arakan Renaissance Generation – ARG
- တက္ကသိုလ်ရခိုင်လူငယ်များအသင်း - AYAOU
- ရခိုင်ကျောင်းသားသမဂ္ဂ (ဒဂုံတက္ကသိုလ်-ရန်ကုန်)

မိတ္တူ -

- ဝန်ကြီးချုပ်၊ ထိုင်းတော်ဝင်အစိုးရအဖွဲ့
- သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
-ထိုင်းနိုင်ငံရှေ့နေများကောင်စီ
-ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ယွက်-(MWRN ထိုင်းနိုင်ငံ)
- မိဘပြည်သူများ